# Karenni Nationalities Defence Force
# ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

၂၀၂၁ခုနှစ်၊နိုဝင်ဘာလ (၂၅) ရက်။

ဒီးမော့ဆိုမြို့နယ်၊ စံပြ (၆) မိုင်ကျေးရွာအတွင်း ယနေ့ နံနက် အစောပိုင်း (၅း၃၀) နာရီခန့်တွင် အကြမ်းဖက်စစ်ကောင်စီတပ်များမှ စစ်ကြောင်းနှစ်ကြောင်းဖြင့် စစ်ကြောင်းထိုးလာသဖြင့် ကရင်နီတပ်မတော် (KA)၊ KNDF တို့နှင့်တိုက်ပွဲဖြစ်ပွားခဲ့သည်။

ထိုအာရုံဦးတိုက်ပွဲ အတွင်း KNDF မှ ရဲဘော် လေးဦး အကြမ်းဖက်စစ်တပ်ကို ခုခံတိုက်ခိုက်ရင်း ကျဆုံးခဲ့ရပါသည်။ KNDF မှ ဖက်ဒရယ်ဒီမိုကရေစီအရေးတော်ပုံအတွက် အသက်ပေးသွားသော ရဲဘော် (၄)ဦးကို ကရင်နီအမျိုးသား အာဇာနည်သူရဲကောင်းများအဖြစ် လေးစားအသိအမှတ်ပြု၍ အလေးပြု ပါသည်။

အကြမ်ဖက်စစ်ကောင်စီတပ်များသည် ဒီးမော့ဆိုမြို့နယ်အခြေစိုက် (၄၂၇) တပ်ရင်းမှဖြစ်ပြီး တိုက်ပွဲအပြီးတွင် ကျေးရွာအတွင်းရှိ အရပ်သား (၇) ဦးကို လူသားဒိုင်းအဖြစ်ဖမ်းဆီးခေါ်ဆောင်သွားကာ နေ့လည်ပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့ပါသည်။ ထိုတိုက်ပွဲတွင် အကြမ်းဖက်စစ်ကောင်စီတပ်မှ လေးယောက် ထိခိုက်ဒဏ်ရာရခဲ့ပါသည်။ အကြမ်ဖက်စစ်ကောင်စီတပ်များသည် အင်အား (၁၀၀) ကျော်ဖြင့် (၆) မိုင်ကျေးရွာအုပ်စုအတွင်း စစ်ကြောင်းထိုးလျက်ရှိပြီး စစ်ကြောင်းထိုးစဥ်တွင် ပြည်သူလူထု၏ နေအိမ်များကို မီးရှို့ဖျက်စီးခဲ့ပါသည်။

KNDF အနေဖြင့် တော်လှန်ရေးအတွင်းကျဆုံးသွားသော ရဲဘော်များအားလုံးကို တိုင်တည်ပြီး စစ်အာဏာရှင်စနစ် အမြစ်ပြတ်သည်အထိ ဆက်လက် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း အဓိဋ္ဌာန် ပြုပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။